## ဒေသန္တရရေနံချက်ဖိုလုပ်ငန်းလုပ်ကိုင်ခွင့်နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၁။ ဒေသန္တရရေနံချက်ဖိုလုပ်ငန်းလုပ်ကိုင်လိုသည့် မြေနေရာအား တိုင်းဒေသကြီးအစိုးရမှ လယ (၃၀) (က)/ (ခ) မြေအသုံးချခွင့် ထုတ်ပေးထားသော ခွင့်ပြုချက် အထောက်အထားများ၊ တိုင်း/ ခရိုင်/ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီများမှ အဆင့်ဆင့်စိစစ်တင်ပြထားသည့် လယ်ယာမြေ အခြားနည်း သုံးစွဲခွင့်လျှောက်ထားဆဲအတွက် စိစစ်တင်ပြထားသည့် အထောက်အထားများ၊ ရေနံချက်ဖိုလုပ်ငန်း အသုံးပြုရန်အတွက် သက်ဆိုင်ရာ မြို့နယ်လယ်/စီ ရုံးများမှ ရေးကူးပေးထုတ်ပေးထားသည့် မြေကြီး၊ မြေပုံရာဇဝင် (၁၀၅)/ (၁၀၆) ပုံစံများ၊ မြေပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်းရပါမည်။ **(တိုင်းဒေသကြီး မြေစာရင်းမှ သဘောထားမှတ်ချက်ပေးရန်)**

၂။ ထင်းလောင်စာအသုံးမပြုကြောင်းကို လွှတ်တော်ကိုယ်စားလှယ်များ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ ပါဝင်ဖွဲ့စည်းထားသော သက်ဆိုင်ရာဒေသစောင့်ကြည့်ရေးအဖွဲ့များ၏ စိစစ်ထောက်ခံချက်နှင့် လုပ်ငန်းရှင်မှ "ထင်းလောင်စာ" အသုံးမပြုကြောင်း ကိုယ်တိုင်ကတိပြုဝန်ခံချက်၊ မည်သည့် လောင်စာအမျိုးအစားကို အသုံးပြုချက် လုပ်သွားမည်ဖြစ်ကြောင်းနှင့် လောင်စာသယ်ယူ အသုံးပြုမည့် စက်ရုံ/ ဒေသ/ သယ်ယူမည့်စနစ်။ **(သက်ဆိုင်ရာမြို့နယ် စောင့်ကြည့်ရေးအဖွဲ့များမှ ထောက်ခံချက်ပေးရန်နှင့် လုပ်ငန်းရှင်မှ ကိုယ်တိုင်ကတိပြုဝန်ခံချက်တင်ပြပေးရန်**)

၃။ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကော်မတီများ၏ အများပြည်သူများအား ဘေးန္တရာယ်ရှိသည့်လုပ်ငန်းများလုပ်ကိုင်ခွင့်လုပ်ငန်းလိုင်စင်။**(သက်ဆိုင်ရာ မြို့နယ်စည်ပင်မှ စိစစ်ပြီး လိုင်စင်ထုတ်ပေးရန်)**

၄။ ဘေးပတ်ဝန်းကျင် နေထိုင်သူများ၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်နှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်။

**(ပတ်ဝန်းကျင်၊ မြို့နယ်/ ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ ထောက်ခံချက်ပေးရန်)**

၅။ လျှောက်ထားသူလုပ်ငန်းရှင်၏ နိုင်ငံသားကဒ်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ (သို့) ကုမ္ပဏီအဖွဲ့အစည်းမှတ်ပုံတင်အထောက်အထားများ။ **(လုပ်ငန်းရှင်မှ တင်ပြရန်)**

၆။ ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မည့်နေရာသည် စွမ်းအင်ဝန်ကြီးဌာနမှ လုပ်ကိုင်လျှက်ရှိသော ရေနံနှင့်သဘာဝဓါတ်ငွေ့ ရှာဖွေတူးဖော်ရေး လုပ်ကွက်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ သတ်မှတ်ထားသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများ၊ သဘာဝအမွေအနှစ် ဒေသများ၊ သစ်တောကြိုးဝိုင်းနယ်မြေ၊ သာသနာ့နယ်မြေ၊ နိုင်ငံတော်ကကန့်သတ်တားမြစ်ထားသည့်နယ်မြေစသည့် တည်ဆဲဥပဒေတရပ်ရပ်အရဖြစ်စေ၊ နည်းဥပဒေစည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြေငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းတရပ်ရပ် အရဖြစ်စေ တားမြစ်ထားသည့် နယ်မြေတို့နှင့် ကင်းလွတ်မှုရှိ/မရှိ စိစစ်ရန်။ **(သက်ဆိုင်ရာဌာနများမှ စိစစ်ထောက်ခံချက်ပေးရန်)**

၇။ ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်းတွင် မီးဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ကြိုတင်ကာကွယ်တားဆီးနိုင်ရန်နှင့် မီးဘေးအန္တရာယ်ကျရောက်လာပါက ဘေးပတ်ဝန်းကျင်သို့ ထိခိုက်မှုမရှိစေရေးနှင့် စနစ်တကျအလျှင်အမြန် မီးငြိမ်းသတ်နိုင်ရေးအတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ညွှန်ကြားထားသည့်အတိုင်း လိုက်နာဆောင်ရွက်ထားခြင်းမရှိ/မရှိ စိစစ်ရန်နှင့် မီးသတ်ဦးစီးဌာနမှ စိစစ်ထောက်ခံ ချက်ရယူထားရန်။ **(တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ စိစစ်ထောက်ခံချက်ပေးရန်)**

၈။ ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်းတွင် လောင်စာသုံးစွဲမှုနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်စေရန်၊ စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ တည်ဆဲပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ခြင်းရှိ/မရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနမှ စိစစ်ဆောင်ရွက်ထားရှိရန်။ **(တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ စိစစ်ထောက်ခံချက်ပေးရန်)**

၉။ အသစ်ရေးဆွဲပြဋ္ဌာန်းထားသော ဥပဒေလုပ်ထုံး၊ လုပ်နည်းများနှင့်အညီ ပြည်ထောင်စုဝန်ကြီးဌာနမှ ထပ်မံညွှန်ကြားချက်များ ထုတ်ပြန်လာပါကလည်း ၎င်းအချက်အလက်များနှင့်အညီ ကိုက်ညီမှု ရှိ/မရှိ စိစစ်ဆောင်ရွက်သွားရန်။ **(သက်ဆိုင်ရာဌာနများမှ စိစစ်ပေးရန်)**

**ဆောင်ရွက်ရန်အချိန်ကာလသတ်မှတ်ချက်**

၁၀။ သက်ဆိုင်ရာအထောက်အထားများပြည့်စုံလျှင် တိုင်းဒေသကြီး ရေနံထွက်ပစ္စည်းများ တင်သွင်း၊ သိုလှောင်၊ သယ်ယူ၊ ချက်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ် ရေးဆပ်ကော်မတီမှ ရက်သတ္တတစ်ပါတ်အတွင်း ကွင်းဆင်းစစ်ဆေး၍ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့သို့ ပြန်လည်တင်ပြသွားမည်ဖြစ်ပါသည်။

**စစ်ဆေးကြီးကြပ်ဆောင်ရွက်ရန်**

၁၁။ ထင်းလောင်စာအသုံးမပြုရေး အနီးကပ်စောင့်ကြည့်ရေးအဖွဲ့များမှ သတ်မှတ်စည်းကမ်းချက်များအတိုင်း လိုက်နာရန်ပျက်ကွက်ကြောင်း သတင်းပေးပို့တင်ပြလာပါ က ခရိုင်/မြို့နယ် အဆင့်ထိန်းသိမ်းကြီးကြပ် ရေးဆပ်ကော်မတီအဖွဲ့တို့မှ စိစစ်တင်ပြဆောင်ရွက်သွားရန် ဖြစ်ပါသည်။